# OUR OCEAN, OUR HOME
# တို့ပင်လယ် တို့အိမ်







MYANMAR ocean PROJECT

HEINRICH BÖLL STIFTUNG
YANGON
Myanmar




MYANMAR ocean PROJECT
HEINRICH BÖLL STIFTUNG
YANGON
Myanmar


ရေအောက်မှာ ပိုက်ဖယ်တာကျ ငါတို့လိုကလေးတွေတွက်ဆို အန္တရာယ်များတယ်တဲ့။ လူကြီးရေငုပ်သမားတွေက ပိုက်ဟောင်းတွေ ရေငုပ်ပြီး လိုက်ဆယ်တယ်။ ပြီးရင် လှေပေါ်က ငါတို့ကိုလက်ဆင့်ကမ်းတယ်။ လှေပြည့်သွားရင် ငါတို့က ကမ်းပြန်ကပ်ပြီး ပိုက်တွေကို ချထားပေးခဲ့တယ်။
ဒီဟာက ငါတို့ ဒီတနေ့ခင်းလုံး လုပ်ထားတဲ့ အပုံလေ။
ဟိုမှာ မသန္တာတို့လာနေပြီ ပိုသိချင်ရင် သူတို့ကိုမေးကြည့်။
သူတို့အဖွဲ့က ငါတို့ဆီ လာကူရှင်းပေးနေကျလေ။
အားလုံး အလုပ်တွေ ကြိုးစားနေကြပါလားဟေ့။ ပိုက်ပုံကြီးက နည်းတာ မဟုတ်ဘူး။


ဒီမှာ သမီးတို့ သူငယ်ချင်းအသစ်တစ်ယောက်
ထပ်ရောက်နေတယ်။
အော် သမီးရော
သူတို့နဲ့ ကူနေတာလား။
ဟုတ် အန်တီသန္တာ သမီးက သဇင်ပါ။ ခုမှ
သူတို့ ဘာတွေ ဘယ်လုပ်နေကြလဲ မေးနေ
တုန်းပါ။ ပင်လယ်သန့်ရှင်းရေးလုပ်တယ်ဆို
တာမျိုးလည်း တစ်ခါမှမကြားဖူးလို့လေ။
ငါးဖမ်းပိုက်တွေက ဘာလို့ ပင်လယ်ထဲမှာ ကျနေကြတာလဲဟင်။
သမီးထင်တာက ငါးဖမ်းဖို့ပဲ သုံးကြတာလားလို့။
ဟုတ်တယ် ငါးဖမ်းဖို့တော့
သုံးခဲ့ကြတာပဲ။ ဒါပေမဲ့
တစ်ခါတလေကျတော့
ပင်လယ်ထဲမှာ
ကျန်နေခဲ့တာတွေလည်း
ရှိတယ်။
ဒီလိုကျန်နေခဲ့ရတာက
အကြောင်းအမျိုးမျိုးကြောင့်ပဲ။
တမင်လည်းဖြစ်နိုင်တယ်
မတော်တဆလည်း
ဖြစ်နိုင်တယ်။
အော် ဟုတ်။
ဟာ သွားပြီ ငါ့ပိုက်
ရာသီဥတုကြမ်းရင်လည်း ပိုက်တွေ ပြတ်ကျကျန်နေခဲ့နိုင်တယ်။


တစ်ခါတလေကျတော့ ပင်လယ်အောက်ထဲက ကျောက်ဆောင်တွေ သန္တာကျောက်တန်းတွေနဲ့ ငြိပြီး ပြကျကျန်ခဲ့တာတွေ။
တစ်ခါတလေကျတော့ ငါးတွေအများကြီးမိပြီး အဲ့အလေးချိန်နဲ့ပဲ ပိုက်ကွန်ကို ဆွဲချသလိုဖြစ်တော့ ပေါက်ပြကုန်ရော။
တချို့ကျ မသုံးတော့တဲ့ ပိုက်အဟောင်းစတွေကို ထည့်စရာအမှိုက်ပုံး မရှိလို့ပင်လယ်ထဲ ပစ်ခဲ့တာလည်းရှိတယ်။
ပိုက်ဟောင်းတွေ ဒီမှာထားခဲ့တာ ကျေးဇူးပဲ။
အင်း အဲ့လိုလည်းဖြစ်တတ်တယ်။
ဘယ်လိုပဲဖြစ်ဖြစ် ရေထဲကျန်နေခဲ့တဲ့ ဒီပိုက်အပြတ်စတွေအကုန်လုံးက ကောင်းကျိုးမပေးဘူး။ ဘာလို့ဆိုတော့ လူတွေမသိလိုက်တဲ့အချိန်မှာတောင် ဒီဟာတွေက ငါးတွေကို ဆက်ဖမ်းနေသလိုဖြစ်ပြီး စားလို့လည်း မရဘဲ ဒီတိုင်း သေကုန်ကြလို့ပဲ။ အဲ့ဒါကြောင့် ဒီလိုပိုက်ကွန်တွေကို တစ်ခါတလေကျရင် "တစ္ဆေငါးဖမ်းခြင်း" (ghost fishing) ဒါမှမဟုတ် "တစ္ဆေပိုက်ကွန်များ" (ghost nets) လို့ ခေါ်ကြတာပေါ့။
အဲ့ဒါကြောင့်လည်း ဒါတွေကို ဖယ်ပစ်ဖို့က အရေးကြီးသလိုဖြစ်နေတာပေါ့။ တံငါသည်တွေကိုလည်း အန်တီတို့ ဘယ်လို ကူညီထောက်ပံ့ရမလဲဆိုတာ တိုင်ပင်ဖို့လိုတယ်။



အခုမှပဲ နားလည်သွားတော့တယ်။
ဒါတွေပင်လယ်ထဲရှိနေရင် ငါးတွေအတွက် လည်းမကောင်းသလို လိပ်လေးတွေအတွက် လည်း အတော်အန္တရာယ်များမှာပဲနော်။


ဒါပေါ့ အဲ့ဒါတွေက ငှက်တွေရော နို့တိုက်ရေနေသတ္တဝါတွေဖြစ်တဲ့ လင်းပိုင်တွေ ဝေလငါးတွေကိုပါ ဒုက္ခပေးနိုင်သေးတာ။
ရေထဲက ငါးတွေတင် မကဘဲ သန္တာကျောက်တန်းတွေပါ ပျက်စီးမှာသမီးရဲ့။
သူတို့ပေါ် ပိုက်ကွန်အုပ်မိနေရင် ဆက်မကြီးနိုင်တော့ဘဲနဲ့ တဖြည်းဖြည်း သေသွားမှာလေ။


အဲ့ဒါကြောင့်ပဲ ရွာမှာ ပတ်ဝန်းကျင်သန့်ရှင်းရေးနေ့ လို့ သတ်မှတ်ပြီး ဒီလိုတွေ လုပ်နေကြတာပေ့ါ။
ဒီအဖွဲ့လေးကတော့ အမြဲတမ်းတက်တက်ကြွကြွနဲ့ ကူညီပေးနေကျပေ့ါလေ။


ဒါတွေပင်လယ်ထဲက ဆယ်ပြီးရင်ရော ဘယ်မှာပြန်ပစ်ကြတာလဲဟင်။
အင်း ကောင်းလိုက်တဲ့ မေးခွန်း။ အန်တီတို့က ဒီပိုက်တွေကို မြို့ပေါ် ပြန်သယ်သွားပြီး အဟောင်းဆိုင်တွေမှာ ပြန်ရောင်းတယ်လေ။
တချို့က ဒါတွေကို ပြန်သုံးကြတယ်။ တချို့ကျတော့ ပြန်သုံးနိုင်အောင် ပြင်ချုပ်ပြီးရောင်းကြတယ်။ မရတာတွေကိုတော့ စနစ်တကျပစ်ရတာပေါ့။
ပေး ညစာ စားရတော့မယ်။
ပိုက်ဟောင်းတွေရှင်းတာ မပြီးကြသေးဘူးလား။ ဒီမှာ အဖေငါးဖမ်းတုန်းကတောင် နည်းနည်းတွေလာသေးတယ်။


ညစာစားရအောင် အိမ်ပြန်ဖို့လည်း မမေ့ကြနဲ့ဦးနော်။
မသန္တာ အစ်မသူငယ်ချင်းတွေကိုလည်း ညစာစားဖို့ ခေါ်ခဲ့နော်။ ဒီမှာ စားစရာတွေအများကြီးလုပ်ထားတယ်။
တစ်ဖွဲ့လုံးသာ ခေါ်လာခဲ့။ အကုန်လုံးအလုပ်တွေ ပင်ပန်းထားကြတော့ ကျွေးချင်လို့ပါ
ကျွန်တော်တို့လည်း အားလုံးက ပိုက်ရှင်းလင်းရေးမှာ ကူနေကြတာရော ကလေးတွေပါ ကူလုပ်ပေးနေကြတာမြင်ရတော့ ပျော်တယ်ဗျာ။ နှစ်တိုင်း သန္တာကျောက်တန်းတွေမှာ ငြိနေတဲ့ပိုက်တွေပိုများလာတော့ ငါးရှာရတာ ပိုခက်လာတယ်။
ဟေး ကိုရှင်းပြန်လာပြီဟေ့ ဓာတ်ပုံကြည့်ရတော့မယ်။
သူကလည်း မသန္တာတို့အဖွဲ့ကပဲလေ။ ရေအောက်မှာ ပုံရိုက်တာ တော်မှတော်။ ညနေတိုင်း သူရိုက်ထားတဲ့ ပုံတွေ လာပြနေကျ။ လာ လာ
ဟုတ်ပြီ ဒီနေ့ရိုက်လာတဲ့ပုံတွေ ဘယ်သူတွေကြည့်မှာလဲ။
သမီးတို့ကြည့်မယ်ဗျို့!
သားတို့ကြည့်မယ်ဗျို့!


ဟာ ပင်လယ်လိပ်ကြီးပါလား
ဟယ် ပိုက်နဲ့ငြိနေတာပဲ
အသက်ကော ရှိသေးရဲ့လား
အယ် နေဦး အသက်ရှိသေးတယ်ဟ
ကံကောင်းလိုက်တဲ့ လိပ်လေး
ငါတော့ နစ်ပြီးသေပြီတောင်မှတ်တာ
ဟဲ့ အဲ့မှာ ပိုက်နဲ့ငြိနေတာက ကဏန်းသေးသေးလေးမှတ်လား


နင်တို့ ပုံတွေကြည့်လို့ပြီးသွားရင်
ဒီကအကောင်လေးတွေကိုလည်း
ပိုက်ကနေ လာကူဖြုတ်ပေးကြပါဦး။
ဟာ ဒါဦးမြေပဲ လားလို့
သဇင် နင်ပဲလား
ငါ့ကို အမှိုက်တွေကနေ
နောက်တစ်ခါ ကယ်ရပြန်ပြီပဲ။
လွတ်ပြီဟေ့
တာ့တာ ဦးမြေပဲရေ။ ဘေးကင်းအောင်နေနော့။
ပလတ်စတစ်တွေနဲ့လည်း ဝေးဝေးနေပါနော့။